ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

၂၄ ရက်မြောက်နေ့ အစီအစဉ်

[ ၃၁–၁၂– ၂၀၁၅ ] ( ကြာသပတေးနေ့ ) ၁၀၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ နိုင်ငံတော်တွင် ကျူးကျော်နေထိုင်သူများအပါအဝင် များစွာသော ပြည်သူတို့မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားသက်သေခံလက်မှတ် ထုတ်ပေးနိုင်ခြင်း မရှိသေးသဖြင့် လိုအပ်သော ဥပဒေ ၊ နည်းဥပဒေ များ ပြင်ဆင်၍ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၏ လက်ပံတန်းမြို့နယ်၊ လက်ပံတန်း– ရေကန်–ခမုံဆိပ် မြေသားလမ်းအား ၂၀၁၅–၂၀၁၆ ဖြည့်စွက်ဘတ်ဂျက်တွင် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်းရှိ၊ မရှိ နှင့် ၎င်းလမ်းပေါ်ရှိ သစ်သားတံတား (၂)စင်းကို အရေးပေါ်ပြင်ဆင်ပေးနိုင်ခြင်း ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုးသိမ်း၊ ကလေးဝ မဲဆန္ဒနယ်၏ ကလေးဝမြို့နယ်ရှိ လျှပ်စစ်မီး မရရှိသေးသော ကျေးရွာများအား ဆိုလာမီးများ ရရှိရေးတင်ပြချက် အပေါ် ဆောင်ရွက်ထားမှု အခြေအနေကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးတီခွန်မြတ်၊ ကွတ်ခိုင် မဲဆန္ဒနယ်၏ မူးယစ်ဆေးဝါး တိုက်ဖျက် နှိမ်နင်းရေးတွင် လူထုမှ ပူးပေါင်းပါဝင်နိုင်ရေးအတွက် နိုင်ငံတော်မှ မူဝါဒ ချမှတ်ထားခြင်းရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသော "နိုင်ငံတော်သမ္မတ တာဝန် ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေ ကြမ်း" နှင့်စပ်လျဉ်း၍ တင်သွင်း ထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ဥပဒေ ကြမ်းကော်မတီက တင်သွင်းသော " ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ ကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ ကြမ်း" နှင့်စပ်လျဉ်း၍ တင်သွင်း ထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၅ ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။